# NCA (၉ )ကြိမ်မြောက် ဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း ပြောကြားသော အဖွင့်စကား
# (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ၊၇ ရက်)

ယနေ့ ကျင်းပပြုလုပ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် ညှိနှိုင်းဆွေးနွေးမှု (၉) ကြိမ်မြောက် အစည်းအဝေးကို တက်ရောက်လာကြတဲ့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့မှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၊ အလုပ်အဖွဲ့များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားပြု ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လေ့လာသူ အဖြစ် တက်ရောက်လာကြတဲ့ ကမ္ဘာ့ကုလသမဂ္ဂ ကိုယ်စားပြု မစ္စမာရီယမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးကိုယ်စားလှယ် မစ္စတာ စန်ဂေါ်ဇင်း၊ လေ့လာသူအဖြစ် တက်ရောက်လာကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ နဲ့ မီဒီယာများမှ ပုဂ္ဂိုလ်များကို နှုတ်ခွန်းဆက်သပါတယ်။

အခုအချိန်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီး(၁၂)ခုမှာ မုန်တိုင်းနဲ့ မိုးရွာသွန်းမှု ကြောင့် ရေလွှမ်းမိုးမှုကို အစိုးရ၊ တပ်မတော်၊ ပြည်သူလူထု၊ လူထုလူတန်းစား အဖွဲ့အစည်း အားလုံးက ဝိုင်းဝန်းရင်ဆိုင် ဖြေရှင်းနေရတဲ့အချိန်လည်း ဖြစ်ပါတယ်။

တပြိုင်တည်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ဖို့ SD နဲ့ ဩဂုတ်လဆန်း မှာ တွေ့ဆုံဖို့ ကတိပြုပြင်ဆင်ထားပြီးဖြစ်လို့ ဒီဆွေးနွေးပွဲကို ယခုလို အချိန်မှာ ကျင်းပ ရတာပါ။

ကျွန်တော်တို့ အစိုးရ နဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် ရရှိဖို့ တရားဝင် ဆွေးနွေးပွဲများ ကျင်းပ ခဲ့တာဟာ ဒါဆို (၉ ) ကြိမ်မြောက် ဖြစ်ပါတယ်။

NCCT နဲ့ အစိုးရ ကြားမှာ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ ရလဒ်ကတော့ (၇)ကြိမ်မြောက် အစည်းအဝေးမှာ စာချုပ်မူကြမ်းကို နှစ်ဖက်က အတည်ပြုနိုင်ခဲ့ပါတယ်။

လော်ခီးလာ ညီလာခံမှာ အဲဒီထဲက အချက်တချို့ကို ပြန်လည်ဆွေးနွေးလိုတယ် ဆိုတဲ့ တောင်းဆိုချက်နဲ့ ဒါတွေကို ထပ်မံဆွေးနွေးဖို့ တိုင်းရင်းသားများဖက်မှ SDကို ထပ်မံ ဖွဲ့စည်းခဲ့ပါတယ်။ ဒါကြောင့် NCA ကို ထပ်မံ ဆွေးနွေးသင့် မသင့် ဆိုတာကို ကျွန်တော်တို့ အစိုးရထဲမှာ တော်တော့်ကို စဉ်းစားခဲ့ရပါတယ်။

တစ်ဖက်ကလည်း ဆွေးနွေးပြီးသား အချက်တွေ ဖြစ်တဲ့ အတွက် ထပ်မံ ဆွေးနွေးဖို့ မလိုတော့ဘူးဆိုတဲ့ စဉ်းစားချက်ရှိသလို၊ ဒီဖြစ်စဉ်ကို တတ်နိုင်သလောက် လိုက်လိုက်လျောလျောနဲ့ နားလည်မှုတွေ ယုံကြည်မှုတွေ တည်ဆောက်ရမယ်ဆိုတဲ့ စဉ်းစားချက်လည်း ရှိပါတယ်။

ဒါကြောင့် ကျွန်တော်ဦးဆောင်တဲ့ အလုပ်အဖွဲ့နဲ့အသစ်ဖွဲ့ထားတဲ့ SD က ခေါင်းဆောင်ကြီးများနဲ့ ချင်းမိုင်မှာ ဇူလိုင် (၃-၄)ရက်များမှာ တွေ့ဆုံခဲ့ပါတယ်။ အဓိက ရည်ရွယ်ချက်ကတော့ နှစ်ဖက် ပူးပေါင်းဆောင်ရွက်ပြီး နည်းလမ်းတွေ ရှာဖို့ ဖြစ်ပါတယ်။ နှစ်ဖက်အနေနဲ့ တစ်ဖက်ရဲ့ အခက်အခဲကို တစ်ဖက်က အသိအမှတ် ပြုပြီး NCA ပါ အချက်များကို နှစ်ဖက် သိက္ခာရှိရှိနဲ့ ညှိနှိုင်းပြင်ဆင်နိုင်အောင် နည်းလမ်းရှာခဲ့ကြပါတယ်။

ဒ့ါအပြင် လိပ်ခဲတည်းလည်း ဖြစ်နေတဲ့ အားလုံးပါဝင်ရေးဆိုတဲ့ အခက်အခဲကို နှစ်ဖက်က ဘယ်လိုနည်းလမ်းတွေနဲ့ ကျော်လွှားကြမယ်ဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီနေ့က ကျွန်တော်ကိုယ်တိုင်လည်း တော်တော် အားတက်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲရဲ့ ရလဒ်ကြောင့် NCA အခက်အခဲတွေကို ကျွန်တော်တို့ ကျော်လွှားနိုင်လိမ့်မယ်လို့ အစိုးရ တာဝန်ရှိသူတွေကို သတင်းပို့ခဲ့ပါတယ်။ ဒီအခြေခံကောင်းတွေ ရှိတာကြောင့် NCCT နဲ့ ဆွေးနွေးပြီးသား အချက်တွေ ဖြစ်ပေမယ့် အစိုးရနဲ့ SD တို့ အကြား NCA ဆွေးနွေးမှုကို ထပ်မံ ညှိနှိုင်းဖို့ သဘောတူခဲ့ကြပါတယ်။ ချင်းမိုင်ဆွေးနွေးပွဲမှာ SD ခေါင်းဆောင်များက Flexibility အပြည့်ရှိပါတယ်လို့ ပြောကြားခဲ့တာ နဲ့ ရွေးကောက်ပွဲမတိုင်မီ NCA လက်မှတ်ရေးထိုးမယ်ဆိုတာကို ဝမ်းမြောက်ဝမ်းသာ အားတက်ခဲ့ရပါတယ်။

ပြီးခဲ့တဲ့ (၈)ကြိမ်မြောက် အစည်းအဝေးမှာ နှစ်ဖက်လုံးရဲ့ ကြိုးစားမှုတွေကြောင့် Single Text မူကြမ်းကို အားလုံးနီးပါး အဆုံးသတ်နိုင်ခဲ့ပါတယ်။ NCA စာချုပ်ရဲ့ အပြင်မှာ အစည်းအဝေး သဘောတူညီချက် အဖြစ်ထည့်မယ့် အချက် (၃)ချက်သာ ကျန်ပါတော့တယ်။ အဲဒီအချက်တွေထဲက(၂)ချက်ကလည်း ပြေလည်ပြီလို့ သိရတဲ့အတွက် တကယ် ဆွေးနွေးစရာက (၁)ချက်ပဲ ကျန်ပါတော့တယ်။

ဒီတစ်ချက်ကို ဆွေးနွေးသဘောတူညီမှုရခဲ့ပြီ ဆိုရင်တော့ ကျွန်တော်တို့ မြန်မာပြည်ရဲ့ သမိုင်းမှာ တစ်ခါမှ မရှိခဲ့ဘူးတဲ့ အစိုးရ နဲ့ တိုင်းရင်းသား လက်နက်ကိုင်များ အကြား ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်မယ့် စာချုပ်တစ်ခုကို မူချောအဖြစ် အပြီးသတ်နိုင်မှာ ဖြစ်ပါတယ်။

ဩဂုတ်လ (၃)ရက်နေ့က KNU, Peace Council, DKBA နဲ့ RCSS ခေါင်းဆောင်တွေနဲ့ တွေ့တဲ့အခါမှာ သမ္မတကြီးက ဆွေးနွေးခဲ့တာ ရှိပါတယ်။ "တစ်ချို့အဖွဲ့ တွေလည်း လက်ရှိမှာ NCA လက်မှတ်ထိုးဖို့ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲ ရှိကောင်း ရှိမှာပါ။ ဒါပေမယ့် သူတို့ကို ငြိမ်းချမ်းရေး မလိုလားသူတွေလို့ တံဆိပ်ကပ်ပြီး ချန်မထား သင့်ပါဘူး။ လိုက်ပါလာနိုင်အောင် တံခါးဖွင့်ထားရမယ်။ နိုင်ငံရေး ဆွေးနွေးပွဲကို အားလုံးပါဝင်နိုင်အောင် အခင်းအကျင်းတွေ လုပ်နိုင်ဖို့ လိုတယ်" လို့ ဆွေးနွေးခဲ့ပါတယ်။

NCA ကို လုပ်ရတာ ရည်မှန်းချက် (၃)ခု ရှိပါတယ်။ ဒါကို ကျွန်တော် ထပ်လောင်း ပြောပါရစေ။

ငြိမ်းချမ်းရေး ဖြစ်စဉ်ကို နောင်ဘယ်အစိုးရ တက်တက် ဆက်လုပ်သွားနိုင်မယ့် အုတ်မြစ်တစ်ခုချဖို့ရယ်၊ အပစ်အခတ်ရပ်စဲရေး ခိုင်ခန့်အောင်လုပ်ဖို့ရယ်၊ နိုင်ငံရေး ဆွေးနွေးပွဲတွေ စတင်နိုင်ဖို့ ဆိုတာတွေ ဖြစ်ပါတယ်။

NCA ဆိုတာ ကျွန်တော်တို့ ငြိမ်းချမ်းရေး ဖြစ်စဉ်ရဲ့ တံခါးပေါက် ဖြစ်ပါတယ်။ စမှတ်တစ်ခုပါ။ NCA ရှိမှ နောက်ဘာဆက်လုပ်မယ်ဆိုတဲ့ Process ဆိုတာ ရှိလာပါမယ်။ အပစ်အခတ်ရပ်စဲရေးကို ခိုင်ခန့်အောင်လုပ်နိုင်ဖို့ JMC လိုမျိုး၊ နိုင်ငံရေး ဆွေးနွေးပွဲကို ပူးတွဲကမကထ ပြုမယ့် UPDJCဆိုမျိုးတွေဟာ NCA ရှိမှ ဖြစ်လာမှာပါ။ ငြိမ်းချမ်းရေးကို လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်မဲ့ လမ်းပြမြေပုံ၊ လုပ်ငန်းစဉ်တွေကို NCA ထဲမှာ နှစ်ဖက်လုံးက ရည်ရွယ်ချက်ရှိရှိနဲ့ ထည့်သွင်းခဲ့တာ ဖြစ်ပါတယ်။

အစိုးရရဲ့ အဓိက ရည်မှန်းချက်ကတော့ ဒီရည်ရွယ်ချက် (၃)ခုကို အကောင်အထည်ဖော်နိုင်ဖို့ ဖြစ်ပါတယ်။ အချိန်အကန့် အသတ်လည်း ရှိပါတယ်။ ရှေ့ဆက်သွားဖို့လည်း ဆုံးဖြတ်ချက်တွေ ချထားပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခု အသက်ဝင်ဖို့က ကျွန်တော်တို့ အားလုံးအတွက် အဓိကအကျဆုံး ဖြစ်ပါတယ်။

ဒီနေရာမှာ နှစ်ဖက်လုံးက ကျော်လွှားရမယ့် အဓိက အချက်(၁) ခုရှိပါတယ်။ ဒါကတော့ အားလုံးပါဝင်ရေးဆိုတဲ့ အချက်ပါ။ NCA စာချုပ်ပါ အချက်တွေကတော့ ဒီအစည်းအဝေးမှာ ပြီးပြတ်သွားမှာ ဖြစ်ပါတယ်။

အစိုးရ အနေနဲ့ ကတော့ SD ဖက်ကတင်ပြတဲ့ အားလုံးပါဝင်ရေး ဆိုတဲ့ကိစ္စကို ချင်းမိုင်မှာ အကြံညှိနိုင်းခဲ့သလိုပဲ နည်းလမ်းရှာပြီး ရှေ့ဆက်သွားဖို့ ဆန္ဒရှိပါတယ်။

ဒီကိစ္စတစ်ခုတည်းနဲ့ ကျွန်တော်တို့ အကြား (၂)နှစ်နီးပါး ကြိုးစားခဲ့တဲ့ အားထုတ်မှုတွေ အလဟဿ ဖြစ်သွားမှာကို စိုးရိမ်ပါတယ်။ SD ဖက်က ခေါင်းဆောင်များကလည်း ကျွန်တော်တို့ နည်းတူ သဘောထား ရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လက်တစ်ကမ်းက ငြိမ်းချမ်းရေးအတွက် အခွင့်အရေးကို အမိအရ ဆုတ်ကိုင်ကြဖို့ အလေးအနက် တိုက်တွန်းလိုပါတယ်။

မြန်မာပြည်ရဲ့ လက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းနိုင်မယ့် အဓိကအခင်းအကျင်းက တော့ နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်ပါတယ်။ ဒီအခြေခံ အပေါ်မှာ ရပ်တည်ပြီး ပါဝင်သင့်တဲ့ အဖွဲ့တွေ ပါဝင်နိုင်တဲ့ နည်းလမ်းကို ဆွေးနွေးညှိနှိုင်းပါမယ်။ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာ နိုင်ငံရေး ဆွေးနွေးပွဲတွေကို တံခါးပေါက် ဖွင့်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အင်အားစု အားလုံးပါဝင်လာနိုင်အောင် ကြိုးစားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီအစည်းအဝေးမှာ နှစ်ဖက်လုံးက ဝိုင်းဝန်းပြီး NCA လက်မှတ်ရေးထိုးနိုင်တဲ့ အထိ ကြိုးစားသွားကြဖို့ မျှော်လင့်ပါတယ်။ NCA ရဲ့ အဓိက အနှစ်သာရက သဘောတူညီချက်ကို ဘယ်လောက်ပီပြင်အောင် အကောင်အထည် ဖော်နိုင်လည်း ဆိုတဲ့အချက်ဖြစ်ပါတယ်။ NCA ပါ အချက်များကို နှစ်ဖက်လုံးက လိုက်နာ ဆောင်ရွက်မှသာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ရဲ့ အနှစ်သာရကို အကောင်အထည် ဖော်နိုင်မှာ ဖြစ်ပါတယ်။ NCA အကောင်အထည်ဖော်ရေး အတွက် ကြိုးပမ်းရမယ့် လုပ်ငန်းစဉ်တွေမှာ အခက်အခဲတွေ အများကြီး ရှိဦးမှာပါ။ စိန်ခေါ်မှုတွေကို နှစ်ဖက်ရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျော်ဖြတ်ကြရဦးမှပါ။

တစ်ဆက်တည်းမှာလည်း NCA စာချုပ်မှုချောကို လုပ်နိုင်ပြီဆိုတာနဲ့ ကျွန်တော်တို့ နှစ်ဖက်လုံးရဲ့ ကြိုးပမ်းမှုတွေကို လူထုနဲ့ နိုင်ငံတကာက အသိအမှတ်ပြုကြမှာပါ။ အဲဒီအဆင့်ကနေ လက်မှတ်ရေးထိုးပြီး တိုင်းပြည်အတွက် လိုအပ်နေတဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို အကောင်အထည် ဖော်သွားရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ် အနေနဲ့ ယနေ့အစည်းအဝေးကနေ ရလဒ်ကောင်းတွေ ထွက်ဖို့ ၊ NCA ကို လက်မှတ်ရေးထိုး နိုင်ဖို့ ကျွန်တော်တို့ အားလုံး ဝိုင်းဝန်း ကြိုးစားကြပါစို့လို့ ဆန္ဒပြုရင်း ကျွန်တော့်ရဲ့ အဖွင့်စကားကို အဆုံးသတ်လိုပါတယ်။

ကျေးဇူးတင်ပါတယ်။